ထူးခြားသော ရောဂါများ

လူတစ်သန်းကျော်သည် မသန်စွမ်းမှုပုံစံအချို့နှင့်နေထိုင်နေကြသည်။ ဤစာရင်းသည် ရောဂါအမျိုးအမည်ရှာဖွေမှု အားလုံး၏ ပြည့်စုံသည့် စာရင်းတစ်ခုမဟုတ်သည့်အားလျော်စွာ ဤစာရင်းသည် ပို၍ အဖြစ်များသည့် ရောဂါအမျိုးအမည်ရှာဖွေမှု အချို့ကို အသားပေးဖော်ပြထားပါသည်။

စိုးရိမ်ပူပန်စိတ်
စိုးရိမ်စိတ်လွန်ကဲခြင်းရောဂါများသည် လူတွေကို လွန်ကဲစွာ ကြောက်လန့်သော၊ စိတ်သောကရောက်သော ခံစားမှုများကို ဖြစ်စေသည် သို့မဟုတ် အခြားသော လူအများစုသည် ထိုသို့သော ခံစားမှုများကို မကြုံတွေ့ရသည့် အခြေအနေအတောအတွင်း မှာ စိတ်မသက်သာဖြစ်မှုတွေကို ခံစားရစေပါသည်။

အာရုံစူးစိုက်မရ တက်ကြွလွန်ရောဂါ
အာရုံစူးစိုက်မရ တက်ကြွလွန်ရောဂါ (ADHD) သည် ကလေးဘဝတွင် အဖြစ်များဆုံး ဦးနှောက်နှင့်အာရုံကြောဖွံ့ဖြိုးမှုဆိုင်ရာ ရောဂါများထဲမှ ရောဂါတစ်ခုဖြစ်သည်။ အာရုံစူးစိုက်မရခြင်း၊ အငြိမ်မနေတက်ကြွလွန်နေခြင်းနှင့် စိတ်လိုက်မာန်ပါ တဇွတ်ထိုးလုပ်တတ်ခြင်း စသည့် ရောဂါ လက္ခဏာ များအရ ထူးခြားသည့် သွင်ပြင်လက္ခဏာကို ဖော်ပြနေသည့် အခြေအနေတစ်ခု ဖြစ်သည်။ သို့သော် အာရုံစူးစိုက်မရ တက်ကြွလွန်ရောဂါ(ADHD)ကို (ရောဂါ)ရှာဖွေရန် ဤအချက်အားလုံးသည် ကလေးတွင် ရှိနေရန် မလိုအပ်ပါ။ အာရုံစူးစိုက်မရ တက်ကြွလွန်ရောဂါ(ADHD)သည် စီမံခန့်ခွဲမှု လုပ်ငန်းဆောင်တာများ နှောင့်နှေးခြင်း အပြင် စိတ်ခံစားချက် တွေကို မထိန်းညှိနိုင်ခြင်း လည်းပဲ ပါဝင်နိုင်ပါသည်။

အော်တစ်ဇင်
အော်တစ်ဇင်သည် ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ ရောဂါတစ်ခုဖြစ်ပြီး ကလေးငယ်၏ ဆက်သွယ်မှုစွမ်းရည်၊ ဘာသာစကား နားလည်မှုစွမ်းရည်၊ ဆော့ကစားခြင်း နှင့် အခြားသောအရာများနှင့်ဆက်နွယ်မှုတို့အပေါ်တွင် သက်ရောက်ပါသည်။

စိတ်အတက်အကျမြန်ရောဂါ
စိတ်အတက်အကျမြန်ရောဂါသည် ထပ်တလဲလဲဖြစ်နေသည့် စိတ်ကြွကာလနှင့် စိတ်ကျကာလများတွင် နာတာရှည် နာမကျန်း ဖြစ်ခြင်း တစ်မျိုးဖြစ်ပြီး တစ်ရက်မှ လပေါင်းများစွာအထိ တာရှည်နိုင်ပါသည်။ ဤစိတ်ပိုင်းဆိုင်ရာ မကျန်းမာမှုသည် စိတ်နေစိတ်ထား၊ စွမ်းအင်နှင့် ရှင်းလင်းစွာတွေးတောနိုင်စွမ်းတို့တွင် ပုံမှန် မဟုတ်သည့် အပြင် သိသာသည့်ပြောင်းလဲမှုများကို ဖြစ်စေသည်။

မျက်စိကွယ်ခြင်း/အမြင်အာရုံ ချို့ယွင်းခြင်း
မျက်စိကွယ်ခြင်းအပါအဝင် အမြင်အာရုံချို့ယွင်းခြင်း ဆိုသည်မှာ အမြင်/မျက်စိတွင် ပြုပြင်၍မရသော ချို့ယွင်းမှုတစ်ခုဖြစ်ပြီး တစ်စိတ်တစ်ဒေသ မမြင်ခြင်းနှင့် မျက်စိကွယ်ခြင်း တို့နှစ်မျိုးလုံးပါဝင်သည်။

အဓိက အကြားအာရုံများချို့ယွင်းခြင်း (CAPD)
အဓိက အကြားအာရုံများချို့ယွင်းခြင်းသည် ဦးနှောက်ကဘယ်လို သိရှိနားလည်ပြီး ဘယ်လိုလုပ်ဆောင်တယ်၊ နားက ဘာတွေကြားတယ် ဆိုတာတွေအပေါ် သက်ရောက်ပြီး အထူးသဖြင့် စကားသံတွေပါဝင်တဲ့အသံတွေကို ဦးနှောက်ရဲ့အသိအမှတ်ပြု နားလည်မှုနှင့် အသံတွေကို အဓိပ္ပာယ်ကောက်သည့် နည်းလမ်းများကို ဆိုးရွားစွာသက်ရောက်နေပါသည်။

ဦးနှောက်အကြောသေရောဂါ
CP လို့လည်းသိကြတဲ့ ဦးနှောက်အကြောသေရောဂါသည် ကျွန်ုပ်တို့၏ ကြွက်သားများနဲ့ ခန္ဓာကိုယ်များအား အသုံးပြုနိုင်စွမ်းကို ထိန်းချုပ်ထားသည့် ဦးနှောက်၏ အစိတ်အပိုင်းများကို ထိခိုက်မိ၍ ဖြစ်ပွားသည့် အခြေအနေတစ်ခုဖြစ်ပါသည်။

နားမကြားမျက်မမြင်
"နားမကြားမျက်မမြင်" ဆိုသည့် စကားလုံးကို လူတစ်ယောက် ဘာမှမကြားရ သို့မဟုတ် မမြင်ရတော့လျှင် ထိုကဲ့သို့သော အခါမျိုးတွင် တွေ့မြင်ရနိုင်ပါသည်။ ထိုဝေါဟာရသည် အမြင်အာရုံနှင့် အကြားအာရုံနှစ်ခုလုံးတွင် အတိုင်းအတာ အချို့ထိ ဆုံးရှုံးသော လူတစ်ယောက်ကို ဖော်ပြပါသည်။

နားမကြားခြင်းနှင့် အကြားအာရုံဆုံးရှုံးခြင်း
အကြားအာရုံသည် ကျွန်ုပ်တို့၏ အာရုံငါးပါးထဲမှ တစ်ခုဖြစ်သည်။ အကြားအာရုံဆုံးရှုံးခြင်းကို အနည်းငယ်၊ မပြင်းထန်၊ အလယ်အလတ်၊ ပြင်းထန် ဟု ယေဘူယျအားဖြင့် ဖော်ပြပြီး နားတစ်ဖက် သို့မဟုတ် နားနှစ်ဖက်လုံး သက်ရောက်နိုင်ပါသည်။

စိတ်ကျရောဂါ
စိတ်ကျရောဂါ စိတ်ကျရောဂါသည် ခဏတာ ဝမ်းနည်းမှု သို့မဟုတ် ညှိုးငယ်မှုကို ခံစားရခြင်းထက် ကျော်လွန်ပါသည်။ ၎င်းသည် တစ်ဦးတစ်ယောက်၏ အတွေးအခေါ်များ၊ ခံစားချက်များ၊ အပြုအမူ၊ စိတ်နေစိတ်ထားနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို သက်ရောက်သည့် ပြင်းထန်သော ဆေးကုသမှုဆိုင်ရာ နာမကျန်းမှုတစ်ခုဖြစ်ပါသည်။

ဖွံ့ဖြိုးမှုဆိုင်ရာ နှောင့်နှေးမှု
ဖွံ့ဖြိုးမှုဆိုင်ရာ နှောင့်နှေးမှု (DD) ဆိုသည်မှာ တစ်ဦးတစ်ယောက်သည် ၎င်း၏ မသန်စွမ်းမဟုတ်သည့် ရွယ်တူတန်းတူများ ကဲ့သို့ တူညီသော အရေးပါသည့် တိုးတက်မှု အနေအထား(ဖွံ့ဖြိုးမှုဆိုင်ရာမှတ်တိုင်)များကို မရောက်ရှိခြင်းဖြစ်သည်။ နှောင့်နှေးမှုသည် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တစ်ခုတည်းတွင်သာ သို့မဟုတ် အနည်းငယ်သာ

PARENT NETWORK OF WESTERN NEW YORK

www.parentnetworkwny.org
info@parentnetworkwny.org
716.332.4170

ဤစာရွက်စာတမ်း၏ မာတိကာ (ပါဝင်သည့်အကြောင်းအရာများ)ကို အမေရိကန်နိုင်ငံ ပညာရေးဌာနမှ ထောက်ပံ့ကြေး တစ်ခုအရ ဆောင်ရွက်ခဲ့သည်။ #H325160003. သို့သော်လည်း ဤပါဝင်သည့်အကြောင်းအရာများသည် အမေရိကန်နိုင်ငံ ပညာရေးဌာန၏ မူဝါဒကို သေချာပေါက် ကိုယ်စားမပြုပါ။ ထို့အပြင် သင့်အနေဖြင့် ဗဟိုအစိုးရ အတည်ပြုချက်ဖြစ်သည်ဟု မယူဆသင့်ပါ။ စီမံကိန်းအရာရှိ Carmen Sanchez။

ထူးခြားသော ရောဂါများ

ဖြစ်ပွားနိုင်ပါသည်။ ဂလိုဘယ် နှောင့်နှေးမှုသည် အနည်းဆုံး
နယ်ပယ်နှစ်ခုတွင် နှောင့်နှေးမှုများရှိနေသောအခါဖြစ်သည်။

ဒေါင်းဆင်ဒရုန်း
ဒေါင်းဆင်ဒရုန်းဆိုတာ ခရိုမိုဆုမ်း ၂၁ တွင် ပစ္စည်း အပိုပါရှိနေခြင်းကြောင့်
ဖြစ်ပွားသည့် မျိုးရိုးဗီဇဆိုင်ရာချို့ယွင်းမှုတစ်ခုဖြစ်ပြီး တစ်ခါတစ်ရံ ထရိုင်ဆိုမီ
၂၁ ဟုလည်း ရည်ညွှန်းခေါ်ဆိုပါသည်။ ၎င်းသည်
လူတစ်ဦးတစ်ယောက်အတွက် စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာ
စိန်ခေါ်မှုများပါ ဖြစ်ပေါ်စေပါသည်။

အတက်ရောဂါ
အတက်ရောဂါဆိုတာ မူမမှန်တက်ခြင်းတစ်မျိုးဖြစ်သည်။ တက်ခြင်းသည်
ခဏတွင်းတွင် ပြင်းထန်သော လျှပ်စစ်ဆိုင်ရာလှုပ်ရှားမှု တစ်ရှိန်ထိုးစီး၍
ဦးနှောက်၏ အစိတ်အပိုင်းတစ်ခု သို့မဟုတ် တစ်ခုလုံးတွင်
သက်ရောက်ချိန်၌ ဖြစ်ပေါ်ပါသည်။

အရက်ကြောင့်ဖြစ်သောသန္ဓေသားရောဂါ
"အရက်ကြောင့်ဖြစ်သောသန္ဓေသားရောဂါ"(FASD) သည်
ကိုယ်ဝန်ဆောင်စဉ်အရက်နှင့် ထိတွေ့မှုကြောင်း ဖြစ်ပေါ်လာသည့်
အခြေအနေအမျိုးမျိုးကို ဖော်ပြရန်အသုံးပြုလေ့ရှိသည့်
ခြုံငုံသည့်စကားရပ်ဖြစ်သည်။

အသိဉာဏ် မသန်စွမ်းခြင်း
အသိဉာဏ် မသန်စွမ်းခြင်း(I/D) ဆိုသည်မှာ လူတစ်ဦးသည် စိတ်ပိုင်းဆိုင်ရာ
လုပ်ဆောင်နိုင်မှုနှင့် ပြောဆိုဆက်သွယ်ခြင်း၊ သူ သို့မဟုတ် သူမကိုယ်ကို
ဂရုစိုက်ခြင်းနှင့် လူမှုရေးစွမ်းရည်များ အစရှိသည့် စွမ်းရည်များတွင်
ကန့်သတ်ချက်များရှိနေသည့်အခါ အသုံးပြုသည့် စကားရပ်ဖြစ်သည်။

လေ့လာသင်ယူနိုင်မှု အခက်အခဲရှိခြင်း
စာရေးစာဖတ်ခက်ခဲသောရောဂါ၊ သင်္ချာနှင့်အတွက်အချက် သင်ယူရာမှာ
အခက်အခဲဖြစ်သောရောဂါ နှင့် အရေးအသား ပိုင်းဆိုင်ရာ
အခက်အခဲဖြစ်ခြင်းရောဂါ တို့အပြင် အခြားရောဂါများလဲ ပါဝင်ပါသည်။
လေ့လာသင်ယူနိုင်မှု အခက်အခဲရှိခြင်းသည် ထူးခြားသော ကွဲပြားသည့်
လေ့လာသင်ယူမှုအမျိုးအစားများကို ဖော်ပြသည့် ယေဘုယျစကားရပ်
ဖြစ်သည်။ အများဆုံး ထိခိုက်တတ်သည့် စွမ်းရည်များမှာ စာဖတ်ခြင်း၊
စာရေးခြင်း၊ နားထောင်ခြင်း၊ စကားပြောခြင်း၊ တွေးခေါ် ခြင်းနှင့်
သင်္ချာတွက်ခြင်းတို့ ဖြစ်သည်။

အာရုံကြောဆိုင်ရာ ချို့ယွင်းမှု
အာရုံကြောဆိုင်ရာ ချို့ယွင်းမှုဆိုသည်မှာ ခန္ဓာကိုယ် အာရုံကြောစနစ်တွင်
တစ်ခုခုမှုမမှန်ခြင်းဖြစ်သည်။ ဦးခေါင်း၊ ကျောရိုးနှင့်ကြော သို့မဟုတ်
အခြားအာရုံကြောများတွင် ဖွဲ့စည်းတည်ဆောက်ပုံ၊ ဇီဝဓာတုဗေဒ သို့မဟုတ်
လျှပ်စစ်ဆိုင်ရာ ပုံမှန်မဟုတ်ခြင်းများသည် ရောဂါလက္ခဏာအမျိုးမျိုးကို
ဖြစ်ပေါ်စေနိုင်သည်။

ထိတွေ့ခံစားမှု အာရုံကြောအားနည်းသည့်ရောဂါ
ထိတွေ့ခံစားမှု အာရုံကြောအားနည်းသည့်ရောဂါ ဆိုသည်မှာ
အာရုံခံအချက်ပြခြင်းများကို သင့်လျော်သည့် တုံ့ပြန်မှုများအဖြစ်
မဖွဲ့စည်းနိုင်ဘဲ အာရုံခံအချက်အလက်များကို မှန်ကန်စွာ
အဓိပ္ပါယ်ဖော်ရန်လိုအပ်သည့် အချက်အလက်ကို လက်ခံရရှိနိုင်ဖို့
အချို့သောဦးနှောက်အစိတ်အပိုင်းများကို တားဆီးထားသည့် အခါတွင်
ဖြစ်ပေါ်လာသည့် အာရုံကြောဆိုင်ရာ အခြေအနေဖြစ်သည်။

ကျောရိုးအာရုံကြောမကြီး နှစ်ခြမ်းကွဲခြင်း
ကျောရိုးအာရုံကြောမကြီး နှစ်ခြမ်းကွဲခြင်းသည်
အမေရိကန်ပြည်ထောင်စုတွင် အဖြစ်အများဆုံးသော
မွေးရာပါချွတ်ယွင်းချက် တစ်ခုဖြစ်ပြီး ၎င်းသည် ကိုယ်ဝန်ပထမလအတွင်း
သို့မဟုတ် ထိုအချိန်လောက်တွင် ဖြစ်ပွားကာ မွေးကင်းစကလေး၏
ကျောရိုးသည် အပြည့်အဝ ပိတ်သွားခြင်းမရှိဟု ဆိုလိုသည်။
အာရုံကြောများနှင့် ကျောရိုးနှစ်ကြောကို ထိခိုက်ပျက်စီးစေနိုင်သည်။

အကြောလိုက်ခြင်း
အကြောလိုက်ခြင်းသည် ဆတ်ခနဲအကြောဆွဲခြင်း (အလိုအလျောက်၊
မြန်ဆန်သော၊ ရုတ်ခြည်းလှုပ်ရှားမှုများ) နှင့်/သို့မဟုတ် ထပ်ခါထပ်ခါ
အသံများထွက်ခြင်းစသည့် ထူးခြားသည့်သွင်ပြင် လက္ခဏာရှိသည့်
အာရုံကြောဆိုင်ရာဇီဝဗေဒ မူမမှန်ခြင်းဖြစ်သည်။

ဦးနှောက်ထိခိုက်ဒဏ်ရာရခြင်း
ဦးနှောက်ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် TBI သည်
ဦးနှောက်၏လုပ်ငန်းဆောင်တာများကို ထိခိုက်စေသည့် ဒဏ်ရာဖြစ်ပြီး
ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် သိမြင်မှုဆိုင်ရာ အခက်အခဲများ
ဖြစ်ပေါ်လာနိုင်သည်။

PARENT NETWORK OF WESTERN NEW YORK

www.parentnetworkwny.org
info@parentnetworkwny.org
716.332.4170

ဤစာရွက်စာတမ်း၏ မာတိကာ (ပါဝင်သည့်အကြောင်းအရာများ)ကို အမေရိကန်နိုင်ငံ
ပညာရေးဌာနမှ ထောက်ပံ့ကြေး တစ်ခုအရ ဆောင်ရွက်ခဲ့သည်။ #H325160003. သို့သော်လည်း
ဤပါဝင်သည့်အကြောင်းအရာများသည် အမေရိကန်နိုင်ငံ ပညာရေးဌာန၏ မူဝါဒကို
သေချာပေါက် ကိုယ်စားမပြုပါ။ ထို့အပြင် သင့်အနေဖြင့် ဗဟိုအစိုးရ
အတည်ပြုချက်ဖြစ်သည်ဟု မယူဆသင့်ပါ။ စီမံကိန်းအရာရှိ Carmen Sanchez။